
# မနုကျယ် ဓမ္မသတ်
## ကျုံးဝန်ဘုမ္မရာဇာ




**မဟာဇနေနသမ္မတော မဟာသမ္မတော။**

မဟာဇနေန၊ လူအများသည်။ သမ္မတော၊ သမုတ်သည်တည်း။ မဟာသမ္မတော၊ လူအများ သမုတ်အပ်သည် ဖြစ်သောကြောင့် မဟာသမ္မတ မည်၏။

(လူအများက ခေါင်းဆောင်အဖြစ် တင်မြှောက်သဖြင့် သမ္မတ ဟု ခေါ်သည်။)

**ဓမ္မေနသမေန သတ္တေရဉ္ဇေတီတိရာဇာ။**

ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ သတ္တေ၊ သတ္တဝါတို့ကို၊ ရဉ္ဇေတိ၊ ဆုံးမတတ်၏။ ရာဇာ၊ တရားနှင့်ညီစွာ ဆုံးမတတ်သောကြောင့် ရာဇာမည်၏။

(တရားနှင့်အညီ ဆုံးမတတ်သဖြင့် ရာဇာဟု ခေါ်သည်။)

**ခေတ္တာနံ အဓိပတိ ခတ္တိယော။**

ခေတ္တာနံ၊ လယ်မြေတို့၏။ အဓိပတိ၊ အကြီးတည်း။ ခတ္တိယော၊ လယ်ယာမြေတို့၏ အကြီးအမှူး ခတ္တိယ မည်၏။

(လယ်ယာမြေတို့၏ အကြီးအမှူး ဖြစ်သဖြင့် ခတ္တိယ ဟု ခေါ်သည်။)

# မြေ ကို အစိုးရ ခြင်း

ဘိုးတော်ဗုဒ္ဓမင်းတရားမေးလျှောက်၍ ပထမမောင်းထောင်သာသနာပိုင်ဆရာတော်ကြီး ဖြေဆိုသော

## အမေးတော်ဖြေ ကျမ်း

ခေတ္တာနံ့ အဓိပတီတိ ခေါ် ဝါသေဋ္ဌ ခတ္တိယော 'ခတ္တိယော'တွေဝ ဒုတိယံ အက္ခရံ ဥပနိဗ္ဗတ္တံ။

ဒီဃနိကာယ်၊ သုတ်ပါထေယျဝဂ္ဂကျမ်း

လယ်ယာမိုးမြေတို့၏ အရှင်ဖြစ်သောကြောင့် ရေမြေသဥ္စနင်းမင်းတို့သည် ခတ္တိယမည်ကြောင်း၊


မင်းတို့သည်သာ ရေ မြေ ကို အစိုးရသည်၊ ဆင်းရဲသားတို့မှာ လုပ်ဆောင်သိမ်းပိုင်ကာသာ ဖြစ်သည်။

ဒသ ကောဋ္ဌာသေ တတ္ထ ဇကော ကောဋ္ဌာသော ဘူမိသာမိကာနံ ဒါတဗ္ဗော။


ဝိနည်းအဋ္ဌကထာကျမ်း

ရေမြေရှင်အား ဆယ်ဖို့ တစ်ဖို့ အခွန်အတုတ် ပေးရာသည်၊

ရေမြေရှင်ဖြစ်၍ ရေမြေသဥ္စနင်းမင်းအား အခွန်အတုတ် ဆက်သွင်းမြဲဖြစ်သည်။


မြန်မာမင်းများလက်ထက်မြေများ
အရာတော်မြေ
အရာတော်မြေနှင့် ဆက်စပ်သောမြေ
ဘိုးဘပိုင်မြေ
ဘိုးဘပိုင်မြေနှင့် ဆက်စပ်သောမြေ
နန်းစဉ်
စုံသေအမွေပြတ်
သိမ်းစု
ယွန်းပေါင်
အစားပေးမြေ
အကိုင်စားမြေ
အကြီးစားမြေ
ဓါးမဦးချမြေ
မင်းပေးမြေ
ငွေဝယ်ငွေ ပေါင်မြေ
နေမြေစားမြေ
စားမြေ
သူရဲသူမိုးမြေ
အသည်မြေ
ဝတ္တကံမြေ
ဘုရားနှင့်ဆိုင်သော ဝတ္တကံမြေ
ပိဋကတ်နှင့်ဆိုင်သော ဝတ္တကံမြေ
ကျောင်းနှင့်ဆိုင်သော ဝတ္တကံမြေ

# အင်္ဂလိပ်အစိုးရလက်ထက်မြေယာဥပဒေများ



# ၁၈၇၆ ခုနှစ်၊ မြေ နှင့် အခွန်တော် အက်ဥပဒေ
# The Land and Revenue Act, 1876

အခန်း (၁)၊ နိဒါန်း

အခန်း (၂)၊ မြေနှင့်သက်ဆိုင်သည့် အခွင့်အရေးများ

အခန်း (၃)၊ မြေခွန်တော်နှင့်အခွန်အခများ

အခန်း (၄)၊ မြေခွန်မပြေကျန်ငွေ နှင့် အရကောက်ခံခြင်း

အခန်း (၅)၊ အထွေထွေ

၆။ အောက်ဖော်ပြပါ အခွင့်အရေးများမှအပ၊ ဤအခန်းနှင့်သက်ဆိုင်သည့် မြေတစ်ရပ်ရပ်တွင် မည်သည့် အခွင့်အရေးများ ရရှိခဲ့ကြောင်း၊ သို့မဟုတ် ဆက်လက်ရရှိမည်ဖြစ်ကြောင်း မည်သူမျှ မှတ်ယူနိုင်ခြင်းမရှိစေရ-

(က) အစိုးရက ဖြစ်စေ၊ အစိုးရအတွက် ဖြစ်စေ အပိုင်ဂရန် သို့မဟုတ် အငှားဂရန် အရ ရရှိသည့်အခွင့်အရေးများ၊

(ခ) ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပုဒ်မ ၂၆ နှင့် ၂၇ တို့ အရ ရရှိသည့် အခွင့်အရေးများ၊

(ဂ) ယင်းကိစ္စရပ်အလို့ငှာ ဆက်လက်ဖော်ပြမည့် နည်းလမ်းတစ်ရပ်ရပ်အရ ပေါ်ပေါက်လာသည့်၊ သို့မဟုတ် စတင်ပေါ်ပေါက်လာသည့် အခွင့်အရေးများ၊

(ဃ) ဤပုဒ်မ၏ အပိုဒ်ခွဲ (က)၊ (ခ) နှင့်(ဂ) တို့ပါအခွင့်အရေးများတစ်ရပ်ရပ်မှ ဥပဒေနှင့်အညီရရှိမည့် အခွင့်အရေးများ။


**အစိုးရကဖြစ်စေ၊ အစိုးရကိုယ်စားဖြစ်စေ အပိုင်သော်လည်းကောင်း၊ အငှားသော်လည်းကောင်း ချထားသည့်စာချုပ်အရ ရပိုင်ခွင့်**

**ပုဒ်မ ၆ (က) နှင့် (ဂ) ပါ အခွင့်အရေးကို မည်သူတစ်ဦးတစ်ယောက်မျှ မရသေးသည့်မြေ Available Land (စိုက်ပျိုးနိုင်သောမြေလွတ်)**

- တစ်နှစ်ချင်း အငှားချခြင်း
- အပိုင် သို့မဟုတ် အငှား ပေးအပ်ချထားခြင်း
  - စိုက်ပျိုးရန် နှင့် ကျွဲနွားစားကျက်
  - ရော်ဘာ စိုက်ပျိုးရန်
  - ဝါးနှင့်အခြား သစ်ပင်စိုက်ရန်
  - ဘာသာရေး နှင့် အများပြည်သူ အကျိုး
  - ရေကန်၊ သုသာန် နှင့် အဆောက်အအုံ
  - အဆောက်အအုံ နှင့် စက်မှုလက်မှု လုပ်ငန်း

- မြေလွတ်တွင် ခေတ္တ နေထိုင်ခြင်း
- ကျေးရွာဘုံမြေအဖြစ်ချထားပေးခြင်း
- သူကြီးစားမြေအဖြစ် ချထားပေးခြင်း
- တောင်ယာမြေအဖြစ်ချထားပေးခြင်း
- အစိုးရသီးသန့်ပိုင်မြေအဖြစ် သတ်မှတ်၍ ချထားခြင်း
- ဓါတ်သတ္တုတူးဖော် ခွင့်လိုင်စင်ထုတ်ပေးခြင်း

# အခန်း (၂)၊ မြေနှင့်သက်ဆိုင်သည့် အခွင့်အရေးများ




၇။ ပုဒ်မ ၂၂ တွင် ပြဌာန်းထားချက်မှအပ၊ မည်သူမဆို စိုက်ပျိုးနိုင်သည့် မြေတစ်စုံတစ်ရာကို ၁၂ နှစ်ဆက်တိုက် အဆက်မပြတ် လက်ဝယ်ထားရှိပြီး၊ ထိုကာလအတွင်း မြေအတွက် ထမ်းဆောင်ရမည့် အခွန်တော်များကို မှန်ကန်စွာ ပေးဆောင်ခဲ့ပါက၊ သို့မဟုတ် အတိအလင်း အခွန်လွတ်ငြိမ်းခွင့် ဖြင့် မြေကို ယင်းကဲ့သို့ လက်ဝယ်ထားရှိခဲ့ပါက၊ ၁၂ နှစ် ကျော်လွန်သည့်အခါ ထိုမြေနှင့်စပ်လျဉ်း၍ မြေကို လက်ဝယ်ထားပိုင်ခွင့် အခွင့်အရေး ရရှိသည် ဟု မှတ်ယူရမည်။

# လက်ဝယ်ထားပိုင်ခွင့်

၁၅။ တစ်စုံတစ်ဦးသည် မြေတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိပြီး၊ ထိုမြေနှင့်စပ်လျဉ်း၍ ကိုယ်တိုင်ဖြစ်စေ၊ ယင်းအား ဆက်ခံသူတစ်ဦးဦးကဖြစ်စေ၊ ပုဒ်မ ၇ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း လက်ဝယ်ထားပိုင်ခွင့်အခွင့်အရေး ရရှိကြောင်း နှင့် ယင်းသို့အဆိုရှိသူသည် ဤကိစ္စရပ်အလို့ငှာထားရှိသည့် မှတ်ပုံတင်စာအုပ်တွင် ထိုသို့ မြေကိုလက်ဝယ်ထားပိုင်ခွင့်ရရှိသူအဖြစ် ကြေညာပေးရန် အခွန်တော်အရာရှိထံ လျှောက်ထားနိုင်သည်။ အခွန်တော်အရာရှိ ကလည်း ထိုကဲ့သို့ လျှောက်ထားလာကြောင်းကို နိုင်ငံတော်သမ္မတ က နည်းဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်သည့် နည်းလမ်းများအတိုင်း သတ်မှတ်ထားသည့်ကာလ အတွင်း ထိုသို့ လျှောက်ထားကြောင်း နို့တစ်စ ကြေညာစာ ထုတ်ပြန်ပြီး၊ လိုအပ်သည့် စုံစမ်းမေးမြန်းမှုများ ပြုလုပ်ပြီးနောက်၊ ထိုသူသည် ထိုအဆင့်အတန်းကိုရရှိခြင်း မှန်ကန်ကြောင်း သုံးသပ်ရရှိပါက၊ ယင်း အဆင့်အတန်း ကို ရရှိကြောင်း သတ်မှတ်ချက်အား မှတ်တမ်းတင်ပြီး၊ ထိုလျှောက်ထားသူသို့ မှတ်တမ်းတင်ထားသည့် အသိအမှတ် ပြုစာ တစ်စောင်ကို ပေးအပ်ထားရမည်။

*(နည်းဥပဒေ ၁၃၀၊ ၁၃၁ )*

## (ဂ) လက်ဝယ်ထားပိုင်ခွင့် Landholder's Right



၁၂။ မြေကို လက်ရှိဖြစ်ပြီး မြေကိုလက်ဝယ်ထားရှိသူအဆင့်အတန်း ရရှိရန် တောင်းဆိုထားသူ တစ်ဦးသည် ယင်း မြေကို ယာယီစွန့်လွှတ်ထားခွင့်ရှိပြီး၊ ယင်းမြေကို ထိန်းသိမ်းပေးထားရန် အခွန်တော်အရာရှိထံသို့ တင်ပြ လျှောက်ထားနိုင် သည်။

၁၃။ လျှောက်ထားခဲ့သူသည် ထိုမြေကို အခွန်တော်အရာရှိအနေဖြင့် ရယူထိန်းသိမ်းထားသည့် နေ့မှ ၁၂ နှစ်အတွင်း မည်သည့်အချိန်မဆို ယင်းအား မူလအတိုင်း လက်ဝယ်ထားပိုင်ခွင့်ရသူအဖြစ် ပြန်လည်သတ်မှတ်ပေးရန် ပြန်လည် လျှောက်ထားနိုင်သည်။

၁၅။ တစ်စုံတစ်ဦးသည် မြေတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိပြီး၊ ထိုမြေနှင့်စပ်လျဉ်း၍ ကိုယ်တိုင် ဖြစ်စေ၊ ယင်းအား ဆက်ခံသူတစ်ဦးဦးကဖြစ်စေ၊ ပုဒ်မ ၇ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း လက်ဝယ်ထားပိုင်ခွင့် အခွင့်အရေး ရရှိကြောင်း နှင့် ယင်းသို့အဆိုရှိသူသည် ဤကိစ္စရပ် အလို့ငှာ ထားရှိသည့် မှတ်ပုံတင်စာအုပ်တွင် ထိုသို့ မြေကိုလက်ဝယ် ထားပိုင်ခွင့်ရရှိသူအဖြစ် ကြေညာပေးရန် အခွန်တော်အရာရှိထံ လျှောက်ထားနိုင်သည်။ အခွန်တော်အရာရှိကလည်း ထိုကဲ့သို့လျှောက်ထားလာကြောင်းကို နိုင်ငံတော်သမ္မတက နည်းဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်သည့် နည်းလမ်းများအတိုင်း သတ်မှတ်ထားသည့် ကာလအတွင်း ထိုသို့ လျှောက်ထားကြောင်း နို့တစ်ကြေညာစာ ထုတ်ပြန်ပြီး၊ လိုအပ်သည့် စုံစမ်း မေးမြန်းမှုများ ပြုလုပ်ပြီးနောက်၊ ထိုသူသည် ထိုအဆင့်အတန်းကို ရရှိခြင်း မှန်ကန်ကြောင်း သုံးသပ်ရရှိပါက၊ ယင်းအဆင့် အတန်းကို ရရှိကြောင်း သတ်မှတ်ချက်အား မှတ်တမ်းတင်ပြီး၊ ထိုလျှောက်ထားသူသို့ မှတ်တမ်းတင်ထားသည့် အသိ အမှတ်ပြုစာ တစ်စောင်ကို ပေးအပ်ထားရမည်။

# မြေယာလွှဲပြောင်းခြင်း

၂၂-က။ (၁) မြေတစ်ရပ်ရပ်ကို အစဉ်အမြဲဖြစ်စေ၊ ခေတ္တယာယီဖြစ်စေ လွှဲပြောင်းခြင်း ပြုရာတွင် ပါဝင်သူ မည်သူမဆို၊ ထိုသို့ လွှဲပြောင်းခြင်း ပြုသည့် နေ့ရက်မှ၊ ရက်ပေါင်း ၆၀ အတွင်း၊ ဤကိစ္စရပ်အလိုငှာ နိုင်ငံတော်သမ္မတ က ခန့်အပ်ထား သည့် အခွန်တော်အရာရှိထံဖြစ်စေ၊ သို့မဟုတ် ထိုကဲ့သို့ ခန့်အပ်ထားခြင်းမရှိပါက အခွန်တော်မြေတိုင်းစာရေး သို့မဟုတ် တိုက်နယ်သူကြီးထံသို့ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ သတင်းပို့ရမည်။ (Report)

(၂) ပုဒ်မခွဲ (၁)အရ သတင်းပို့မှု ကို လက်ခံရရှိသော အရာရှိ သည် လိုအပ်သည့် အချက်အလက် များကို နိုင်ငံ တော်သမ္မတ က သတ်မှတ်သည့် ပုံစံပါရှိသော မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီးလျှင်၊ ထိုသို့ရေးသွင်းချက်၏ မိတ္တူတစ် စောင်ကို ဤကိစ္စအလို့ငှာ ခန့်အပ်ထားသည့် အခွန်တော်အရာရှိထံ ပုံမှန်စာဆက်သွယ်ရေးလမ်းကြောင်းဖြင့် ပေးပို့ရမည်။

(၃) ခိုင်မာပြီး လုံလောက်သည့် အကြောင်းတစ်စုံတစ်ရာ မရှိဘဲ၊ ပုဒ်မခွဲ (၁) အရ သတင်းပို့ရန် လိုအပ်ချက်ကို ဆောင်ရွက်ရန် ပျက်ကွက်သူ မည်သူမဆို၊ ယင်းသို့ မြေကို လွှဲပြောင်းပေးမှု အတွက် နှစ်စဉ်စည်းကြပ်သည့် မြေခွန်တော်၏ ငါးဆ အထိ ငွေဒဏ်ကို ခရိုင်အုပ်ချုပ်ရေးမှူးက ဆုံးဖြတ်သည့် အတိုင်း ပေးဆောင်ရမည်။ ယင်းသို့ သတ်မှတ်သည့်ငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရ ကောက်ခံရမည်။

# ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၂၆ နှင့် ၂၇ အရ ရရှိသည့် ရပိုင်ခွင့်

၂၆။ (၁) အဆောက်အအုံတစ်ခုအတွက် အလင်းရောင်၊ သို့တည်းမဟုတ် လေအဝင်အထွက် သုံးစွဲခွင့်ကို ထို့ပြင် လမ်းသွားလာခွင့်ကိုဖြစ်စေ၊ ရေစီးခွင့်ကိုဖြစ်စေ၊ ရေသုံးစွဲခွင့်ကိုဖြစ်စေ၊ အခြားရယူပိုင်သော သို့မဟုတ် တားမြစ်ပိုင်သော သုံးစွဲခွင့်ကိုဖြစ်စေ၊ အခွင့်အရေး အနေနှင့် လည်းကောင်း၊ သုံးစွဲခွင့် အနေနှင့် လည်းကောင်း ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဆိုသော သူတစ်ဦးတစ်ယောက်က နှစ်ပေါင်းနှစ်ဆယ် အဆက်မပြတ် အနှောက်အယှက် မရှိဘဲ အထင်အရှားခံစားခဲ့ရသည့် ကိစ္စ၌၊

အဆိုပါ အလင်းရောင်ကို၊ သို့တည်းမဟုတ် လေအဝင်အထွက်ကို၊ သို့တည်းမဟုတ် လမ်းကို၊ သို့တည်းမဟုတ် ရေစီးကြောင်းကို၊ သို့တည်းမဟုတ် ရေသုံးစွဲခွင့်ကို၊ သို့တည်းမဟုတ် အခြားသုံးစွဲခွင့်ကို ခံစားရန် အခွင့်အရေးသည် အကန့်အသတ်မရှိသည့်အပြင် ပျက်ပြားခြင်းမရှိသော အခွင့်အရေးဖြစ်သည်။

အဆိုပါ အနှစ်နှစ်ဆယ် အဆက်မပြတ် အနှောက် အယှက်မရှိဘဲ ခံစားခဲ့ရခြင်းဖြင့် ရရှိသောသုံးစွဲခွင့်ကို အထင်အရှား ဖြစ်စေရန် တရားစွဲဆိုသော တရားမကြီးမှု ၌ ထိုသုံးစွဲခွင့် ကို တစ်ဦးတစ်ယောက်သောသူ က ငြင်းဆိုသည့်နေ့မှ စ၍ နှစ်နှစ်အတွင်း၌သာလျှင် စွဲဆိုနိုင်သည်။

(၂) ပုဒ်မခွဲ(၁) အရ ပိုင်ဆိုင်ခွင့်ရရန် တောင်းဆိုခြင်းခံရသည့်ပစ္စည်းသည် အစိုးရပိုင်ဖြစ်သောကိစ္စ ၌ ပုဒ်မခွဲပါ "နှစ်ပေါင်း ၂၀" ဆိုသည့်စကားရပ်အစား "နှစ်ပေါင်း ၆၀" ဆိုသည့် စကားကို အစားထိုးဘိသကဲ့သို့ မှတ်ယူရမည်။

၂၇။ ပိုင်ဆိုင်ခွင့်ရှိသူက တစ်ဦးတစ်ယောက်သောသူ၏ တောင်းဆိုချက် ကို ငြင်းဆိုကန့်ကွက်ခဲ့သော်၊ ထိုအကျိုး ကျေးဇူးသော်လည်းကောင်း၊ ထိုကာလသော်လည်းကောင်း ဆက်လက်တည်ရှိ နေသည့်အတွင်း အဆိုပါ သုံးစွဲခွင့် ခံစားရသည့် ကာလအပိုင်းအခြားကို အနှစ်နှစ်ဆယ် ကာလအပိုင်းအခြားကို ရေတွက်ရာ၌ ထည့်သွင်း ရေတွက်ခြင်း မပြုရ။

# တောင်ယာလုပ်ပိုင်ခွင့်

၁၈။ ပုဒ်မ ၆၊ ပုဒ်မခွဲ(က) နှင့် (ဂ) တို့တွင် ပြဋ္ဌာန်းပါရှိသည့် အခွင့်အရေးတစ်ရပ်ရပ်ကို မည်သူတစ်ဦးတစ်ယောက်မျှ ရရှိမှုမရှိသေးသည့်မြေတစ်ရပ်ရပ်ကို အပိုင်စာချုပ်ဖြင့်ပေးအပ် ချထားခြင်း၊ သို့မဟုတ် အခြားနည်းတစ်စုံတစ်ရာဖြင့်ပေးအပ် ချထားရန်အတွက် နိုင်ငံတော်သမ္မတသည် အခါအားလျော်စွာ နည်းဥပဒေများ ထုတ်ပြန်ခွင့် ရှိသည်။

၂၁။ နိုင်ငံတော်သမ္မတသည် အခါအားလျော်စွာ ပေါ်ပေါက်လာသည့်အခြေအနေ အပေါ် မူတည်၍ ဒေသအသီးသီး တို့အတွက်-

ပုဒ်မ ၁၈ တွင်ပြဋ္ဌာန်းထားသည့် မြေများအနက်မှ တောင်ယာစိုက်ပျိုးမှု လက်တွေ့လုပ်ကိုင်လေ့ရှိသော မျိုးနွယ် စုများ နှင့် မိသားစုများ အသုံးပြုရန် ခွင့်ပြု ချထားပေးရာတွင်၊ ချထားခွင့်ပြုခြင်းရရှိသူတို့အတွက် ယင်းသို့စိုက်ပျိုးရန် ရည်ရွယ် ချက်အလို့ငှာ သင့်လျော်လုံလောက်သော အကျယ်အဝန်း ရှိပြီး၊ အဆင်ပြေသင့် လျော်သည့်နေရာ ဖြစ်ရန် ချထား သတ်မှတ်ပေးခြင်း၊ နှင့်

ယင်းသို့ ချထားသတ်မှတ်ပေးသည့်မြေများကို အသုံးပြုခွင့်ရရှိသူတို့ကို စည်းကမ်းသတ်မှတ်ရန် နှင့် ကြီးကြပ် ကွပ်ကဲရန်အတွက် နည်းဥပဒေများ ထုတ် ပြန် နိုင်သည်။ (*နည်းဥပဒေ ၅၃ မှ ၆၅ ထိ*)

# နည်းဥပဒေများ

(က) စိုက်ပျိုးနိုင်သောမြေလွတ် Available land ပေးအပ်ချထားခြင်း၊

(ခ) စိုက်ပျိုးလုပ်ကိုင်ရန် သို့မဟုတ် စားကျက်အဖြစ်အသုံးပြုရန် အပိုင်စာချုပ်ဖြင့်ပေးအပ်ချထားခြင်း Grant နှင့် အငှားစာချုပ်ဖြင့်ပေးအပ်ချထားခြင်း Lease၊

(ဂ) ရော်ဘာစိုက်ပျိုးရန် အပိုင်စာချုပ်ဖြင့်ပေးအပ်ချထားပေးခြင်း Grant၊

(ဃ) ဝါးနှင့်အခြားသစ်ပင်စိုက်ပျိုးရန် အပိုင်စာချုပ်ဖြင့်ပေးအပ်ချထားပေးခြင်း Grant၊

(င) ဘာသာရေး နှင့်အများပြည်သူအတွက် အပိုင်စာချုပ်ဖြင့်ပေးအပ်ချထားခြင်း Grant၊

(စ) အများအတွက် အငှားစာချုပ်ဖြင့်ပေးအပ်ချထားခြင်း Lease၊

(ဆ) ရေကန်၊ သုသာန်၊ အဆောက်အဦများအဖြစ်အသုံးပြုရန် အပိုင်စာချုပ်ဖြင့်ပေးအပ်ချထားခြင်း Grant နှင့် အငှားစာချုပ်ဖြင့်ပေးအပ်ချထားခြင်း Lease၊

(ဇ) အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့်ဒေသများတွင် လူနေထိုင်ရန် နှင့် စက်မှု လက်မှုလုပ်ငန်းလုပ်ကိုင်ရန် အငှားစာချုပ်ဖြင့်ပေးအပ်ချထားခြင်း Lease၊

(ဈ) အစိုးရသီးသန့်ပိုင်မြေ Government Estate Land ထူထောင်ခြင်းနှင့် ပေးအပ်ချထားအုပ်ချုပ်ခြင်း၊

(ည) စိုက်ပျိုးနိုင်သည့်မြေလွတ် Available land ကို ခေတ္တသုံးခွင့်ပြုခြင်း၊

(ဋ) ကျေးရွာဘုံမြေ Village Common Land ခွင့်ပြု ကြီးကြပ်ခြင်း၊

(ဌ) တောင်ယာ Taungya စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုခြင်း၊

(ဍ) ကျွဲနွားစားကျက် Grazing ground ခွင့်ပြုချထားခြင်း။

# ဗြိတိသျှတို့၏ မြေယာစနစ်

## မြေအားလုံးကို အစိုးရ က သာ ပိုင်သည်။

**စကွာတာစနစ်။** → မြေလွတ်မြေရိုင်းများတွင် မြေခွန်တော်ပေးပါမည်ဟူသောဝန်ခံချက်ဖြင့် လွတ်လပ်စွာ ဝင်ရောက်လုပ်ကိုင်ခွင့်ပြုခဲ့သည်။သက်ဆိုင်ရာမြေပေါ်တွင် ကျသင့်သောမြေခွန်ကို နှစ်စဉ်ပေး ဆောင်နေမှသာ ထိုမြေကို လက်ရှိလုပ်ပိုင်ခွင့် ရလေသည်

**ပတ္တာစနစ်။** → မြေဧက ၁၅ မှ ဧက ၅၀ အထိ မြေယာများကို အစိုးရက တောင်သူလယ်သမားအား ပေးကမ်းခြင်းကို ပတ္တာစနစ်ဟု ဆိုသည်။ မြေယာကို အလွှဲအပြောင်း မလုပ်နိုင်စေရန် ဝန်ခံချက်များဖြင့် ချုပ်ကိုင်နိုင်ခဲ့လေသည်။

**မြေငှားစနစ်။** → လယ်မြေကို ၅ နှစ် မှ ၁၀ နှစ် ကာလအပိုင်းအခြား အတွက် ငှားယူခွင့် ရှိသည်။ ထိုသို့ ငှားခပေး၍ ငှားယူသောကာလအတွင်း အခွန်အပိုပေးဆောင်ခြင်း မပြုရဘဲ၊ လယ်ယာကွက်များကို အကန့်အသတ်မရှိ တိုးချဲ့လုပ်ကိုင်နိုင်သည်။

**ဂရန်စနစ်။** → လိုက်နာရန်လွယ်ကူသော စည်းကမ်းချက်များဖြင့် ဧကထောင်သောင်းကျယ်ပြန့်သော မြေများကို ပေး အပ်ခြင်းဖြင့် လယ်ယာလုပ်ငန်းတိုးတက်ရေးအတွက် အရင်းအနှီးရှိသူများအားဆွဲဆောင်သည့် စနစ်တစ်ခုဖြစ်သည်။

**ကိုလိုနီစနစ်။** → မြေရိုင်းတို့ကို အစိုးရမြေအဖြစ်သတ်မှတ်၍၊ ထိုမြေများတွင် တစ်ရပ်တစ်ကျေးမှ လာရောက် နေထိုင် လုပ်ကိုင်မည့်သူများ အား ရွေးချယ် ခေါ်ယူ၍၊ နေရာချပေးခဲ့သည်။ လယ်ယာဖေါ် ထုတ်လုပ်ကိုင်ရန်အတွက် လိုအပ် သော အရင်းအနှီးငွေများ ရရှိရေး အတွက် အသင်းများဖွဲ့စည်းပေးခဲ့သည်။

# ၁၈၈၆ ခုနှစ်၊ ကိုလိုနီလက်အောက်ခံ

၁၈၈၇ ခုနှစ်၊ အထက်မြန်မာပြည် မြေ နှင့် အခွန်တော် စည်းမျဉ်း
The Upper Burma Land and Revenue Regulation, 1887

↓

၁၈၈၉ ခုနှစ်၊ အထက်မြန်မာပြည် မြေ နှင့် အခွန်တော် စည်းမျဉ်း
The Upper Burma Land and Revenue Regulation, 1889

- နိုင်ငံပိုင်မြေ
  State Land
- အခြားမြေများ
  ဓါးမဦးချမြေ + ဝတ္တကံမြေ

အခန်း (၁)၊ နိဒါန်း

အခန်း (၂)၊ အခွန်တော်အရာရှိများ

အခန်း (၃)၊မြေခွန်တော်သတ်မှတ်ခြင်း အခြေခံပြဋ္ဌာန်းချက်များ

အခန်း (၄)၊ မြေခွန်တော်စည်းကြပ်ခြင်း

အခန်း (၅)၊ နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များ

၂၃။ ဤဥပဒေတွင် ဆက်လက်ဖော်ပြမည့် ပုဒ်မများ ၌ နိုင်ငံပိုင်မြေ ဟူသည်မှာ အစိုးရ က၊ သို့မဟုတ် အစိုးရ၏ ကိုယ်စား စီမံချထားပိုင်ခွင့်ရှိသောမြေကို ဆိုလိုသည့်အပြင် အောက်ပါတို့ လည်း ပါဝင်သည်-

(က) ရှင်ဘုရင်ပိုင်မြေ (အရာတော်မြေ) ဟု သတ်မှတ်ခဲ့သည့်မြေများ၊

(ခ) အများပြည်သူဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် စည်းကမ်းချက်များ သတ်မှတ်၍ ဖြစ်စေ၊ အများပြည်သူဆိုင်ရာရုံးဌာနများ၏ လုပ်အားခအဖြစ် ဖြစ်စေ ပေးအပ်ခဲ့သည့်မြေများ၊

(ဂ) မြစ်ချောင်းများအတွင်းရှိ ကျွန်းများ နှင့် မြေနုကျွန်း၊ သဲသောင်များ၊

(ဃ) တစ်စုံတစ်ရာအသုံးပြုခြင်းမရှိသည်မြေလွတ်များ နှင့် ကြိုးဝိုင်းသစ်တောအတွင်း ရှိ မြေများ၊

(င) စိုက်ပျိုးလုပ်ကိုင်ခဲ့ပြီး၊ စွန့်ပယ်ထားပြီးနောက်၊ ၁၈၈၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် နေ့မှ ၂ နှစ်အတွင်း ပိုင် ဆိုင်မှု အတွက် တောင်းဆိုခြင်းမရှိသည့် မြေများ။

၂၄။ (၁) မြေတစ်ရပ်ရပ် နှင့် စပ်လျဉ်း၍၊ ၁၈၈၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မတိုင်မီ က သို့မဟုတ် ထိုနေ့နောက်ပိုင်းတွင် နိုင်ငံပိုင်မြေ ဖြစ်ကြောင်း ကော်လိတ္တော်အရာရှိက ကြေညာရာတွင်၊ ယင်းနှင့်ဆန့်ကျင်၍ သက်သေထင်ရှားမပြနိုင်မီ ကာလတွင် နိုင်ငံပိုင်မြေအဖြစ် မှတ်ယူရမည်။

# နိုင်ငံပိုင်မြေ State Land

စိုက်ပျိုးရန် မြေရိုင်းများ လုပ်ပိုင်ခွင့်

မြို့တွင်း နိုင်ငံပိုင်မြေများတွင် လူနေထိုင်ခွင့်

သာသနာရေး နှင့် အများပြည်သူအကျိုးအတွက် အသုံးပြုခွင့်

ကျွဲနွားစားကျက်မြေ

ရော်ဘာ စိုက်ပျိုး လုပ်ပိုင်ခွင့်

တောင်ယာ လုပ်ကိုင်ခြင်း

ဓါတ်သတ္တုတူးဖေါ်ခြင်း

၂၅။ ဤစည်းမျဉ်း နှင့် ယင်းအရထုတ်ပြန်သည့်နည်းဥပဒေများ နှင့် အထက်နောက်ဆုံးပုဒ်မ ၏ ပုဒ်မခွဲ (၂) တွင်ပါရှိသည့် တောင်းဆိုချက်တစ်ရပ်အပေါ် ချမှတ်သည့်အမိန့်ပါ သတ်မှတ်ချက်များ၊ ကိုအခြေခံ၍ အောက်တွင် ဖေါ်ပြထား သည့်အတိုင်း နိုင်ငံပိုင်မြေကို အသုံးပြုခွင့် အတွင်းကျရောက်စေရမည်-

(က) အစိုးရကဖြစ်စေ၊ သို့မဟုတ် အစိုးရ၏ကိုယ်စားဖြစ်စေ အပိုင်ပေးအပ်ချထားခြင်းမှ ပေါ်ပေါက်သည်၊ သို့မဟုတ် ဆက်လက်တည်ရှိသည် မဟုတ်ပါက၊ နိုင်ငံပိုင်မြေ ကို ဝင်ရောက် အသုံးပြုသူများ သည် ထိုမြေ အပေါ်ဝင်ရောက်အသုံးပြုမှုအတွက် အမွေဆက်ခံပိုင်ခွင့်၊ သို့မဟုတ် လွှဲပြောင်းပိုင်ခွင့် ကို အစိုးရနှင့် ယှဉ်ပြိုင်၍ ရပိုင်ခွင့် မရှိစေရ၊

(ခ) နိုင်ငံပိုင်မြေ တစ်ရပ် သို့ ဝင်ရောက်အသုံးပြုနေသူ တစ်ဦးအား၊ အစိုးရသို့ပေးဆောင်ရန်ရှိသည့် မြေခွန်တော် ကို မပေးဆောင် ပျက်ကွက်သည့် အချက်မှ အပ၊ နိုင်ငံတော်သမ္မတက ထုတ်ပြန်သည့် နည်းဥပဒေများ အရ အကြောင်းကြားနို့တစ်စာမပေးအပ်ဘဲ၊ သို့မဟုတ် အကြောင်းကြားနို့တစ်မပေးအပ်ခဲ့ပါက လျော်ကြေး ပေးအပ်ခြင်း မပြုဘဲ၊ ထုတ်ပြန်ထားသည့်နည်းဥပဒေများအရ ဖြစ်ပေါ်နေသည့်အခြေအနေကို အခြေပြု၍၊ ကော်လိတ္တော်အရာရှိ သည် ထိုမြေမှ နှင်ထုတ်ဖယ်ရှားခွင့် မရှိ၊

၂၆။ (၁) ဘဏ္ဍာတော်မင်းကြီးသည် အောက်ပါကိစ္စရပ်များအတွက် နည်းဥပဒေများ ထုတ်ပြန်နိုင်သည်-

(က) အသုံးပြုမှုမဲ့နေသော နိုင်ငံပိုင်မြေကို အပိုင်၊ သို့မဟုတ် အခြားနည်းဖြင့် ပေးအပ်ချထားခြင်း၊

(ခ) အဆိုပါမြေကို ခေတ္တဝင်ရောက်အသုံးပြုမှုအတွက် စည်းကမ်းများသတ်မှတ်ခြင်း၊

(ဂ) ကျေးရွာအုပ်စုများ အနီးပတ်ဝန်းကျင်ရှိ မြေများကို ကျေးရွာတွင် အမြဲနေသူများအတွက် ကျွဲနွား စားကျက် အတွက် လိုအပ်သည် ဟု ထင်မြင်ပါက၊ ချထားပေးအပ်၍ ယင်း စားကျက်မြေ တွင် အသုံးပြုရာတွင် ကျွဲနွားလွှတ်ကျောင်းခွင့်ရသူများ ကို စည်းကမ်းသတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း။

(၂) ပုဒ်မခွဲ (၁)၊ အပိုဒ် (က)ပါ အသုံးပြုမှုမဲ့နေသော နိုင်ငံပိုင်မြေနှင့်ပတ်သက်၍ ထုတ်ပြန်သည့် နည်းဥပဒေ များတွင် အခြားသောကိစ္စရပ်များအပါအဝင် အောက်ပါအချက်များကို ပြဋ္ဌာန်းနိုင်သည်-

(၁) အဆိုပါမြေများမှ ခံစားရမည့်အကျိုးစီးပွားများ ရှိပါက၊ ယင်းမြေမှ ပေါ်ပေါက်၍ ခံစားရမည့် အကျိုး စီးပွားအမျိုးအစား သို့မဟုတ် ပမာဏ နှင့်၊ စည်းကမ်းသတ်မှတ်ချက်များ၊

(၂) အဆိုပါမြေကို အပိုင် နှင့်အခြားနည်း ပေးအပ်ချထားခြင်း ဆိုင်ရာနည်းလမ်းများ၊

(၃) အဆိုပါမြေကို နှစ်ကာလကန့်သတ်၍ဖြစ်စေ၊ မည်သူ၊ သို့မဟုတ် မည်သူတို့၏ တစ်သက်တာ ဟု သတ်မှတ်၍ဖြစ်စေ၊ သို့မဟုတ် တည်ထောင်ထားသည်တို့ကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေ သမျှ အတွင်းဟု သတ်မှတ်၍ဖြစ်စေ စည်းကမ်းသတ်မှတ်ချက်များ ထား၍သော်လည်းကောင်း၊ မထား ဘဲသော်လည်းကောင်း၊ အခွန်အားလုံး သို့မဟုတ် အခွန်အချို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်း၊

(၄) အပိုင်၊ သို့မဟုတ် အခြားနည်း ပေးအပ်ချထားသည့် အဖိုးစားနားအတွက် ပေးအပ်ရန်ရှိသည့် ငွေကြေးကိုဖြစ်စေ၊ အပိုင်၊ သို့မဟုတ် အခြားနည်း ပေးအပ်ချထားရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်ကို ဖေါက်ဖျက်ကျူးလွန်သဖြင့် ချမှတ်သည့် ဒဏ်ကြေးငွေကိုဖြစ်စေ ထိုသူ၊ ထိုသူ၏ တရားဝင်ကိုယ်စားလှယ်၊ သို့မဟုတ် လွှဲအပ်ခြင်းခံရသူထံမှ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံနိုင်ခြင်း။

# နည်းဥပဒေများ

(က) သဿမေဓခွန် Thathameda Tax ကောက်ခံခြင်း၊

(ခ) မြို့များ၊ တပ်မြို့များ၊ မြို့ပြဝန်ထမ်းအိမ်ယာမြေများပြင်ပရှိ နိုင်ငံပိုင်မြေကို လက်ဝယ်ထားသူတို့အား နှင်ထုတ်ခြင်း၊

(ဂ) မြို့များ၊ တပ်မြို့များ၊ မြို့ပြဝန်ထမ်းအိမ်ယာမြေများ၏ ပြင်ပရှိ အသုံးပြုမှုမရှိသော နိုင်ငံပိုင်မြေများကို ပေးအပ် ချထားခြင်း Disposal of State waste land ၊

(ဃ) ပြင်ဦးလွင်မြို့မှအပ မီးရထားမြို့အပါအဝင် မြို့များရှိ အသုံးပြုမှုမရှိသောနိုင်ငံပိုင်မြေများကို ပေးအပ် ချထားခြင်း Disposal of State waste land ၊

(င) မြို့ပြဝန်ထမ်းအိမ်ယာမြေအတွင်း အသုံးပြုမှုမရှိသော နိုင်ငံပိုင်မြေများကို ပေးအပ်ချထားခြင်း Disposal of State waste land ၊

(စ) ပြင်ဦးလွင်မြို့တွင် အသုံးပြုမှုမရှိသောနိုင်ငံပိုင်မြေများကို ပေးအပ် ချထားခြင်း Disposal of State waste land ၊

(ဆ) တပ်မြို့များအတွင်းမှအပ အသုံးပြုမှုမရှိသောနိုင်ငံပိုင်မြေများကို ဘာသာရေး နှင့် အများပြည်သူ အလို့ငှာ အပိုင်စာချုပ်ဖြင့် ပေးအပ်ချထားခြင်း Grant ၊

(ဇ) ရော်ဘာစိုက်ပျိုးရန် အပိုင်စာချုပ်ဖြင့်ပေးအပ်ချထားခြင်း Grant နှင့် အငှားစာချုပ်ဖြင့် ပေးအပ် ချထားခြင်း Lease၊

(ဈ) မြို့များ၊ တပ်မြို့များ၊ မြို့ပြဝန်ထမ်းအိမ်ယာမြေများ၏ ပြင်ပရှိ အသုံးပြုမှုမရှိသော နိုင်ငံပိုင်မြေများကို ခေတ္တလုပ်ကိုင်ခွင့်ပြုခြင်း၊

(ည) ကွဲနွားစားကျက်မြေများ ခွင့်ပြုချထားပေးခြင်း။

## နိုင်ငံပိုင်မြေ မဟုတ်သည့်မြေများ
## Non-State Land

ဓါးမဦးချမြေ

ဝတ္တကံမြေ

၂၇။ (၁) မြေယာအားလုံးကို
မည်သည့်နည်းဖြင့် အသုံးချသည်ဖြစ်စေ၊
မည်သည့်ဒေသတွင်ရှိသည်ဖြစ်စေ
အစိုးရသို့ မြေခွန်တော်ပေးဆောင်ရန်တာဝန်ရှိသည်

၂၇။ (၆) (က) ဤစည်းမျဉ်းပြဋ္ဌာန်းချိန်တွင်
ဘုန်းကြီးကျောင်း၊ စေတီပုထိုး သို့မဟုတ် အခြားဘာသာရေးအဆောက်အအုံ၊ သို့မဟုတ်
စာသင်ကျောင်း တစ်ရပ်ရပ် ဆောက်လုပ်တည်ရှိနေပြီး၊
ယင်းကိစ္စရပ်များအလို့ငှာ ဆက်လက်အသုံးပြုနေသည့် မြေများနှင့် ယင်းတို့၏ ပရဝုဏ် ကို
မြေခွန်တော်ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

ဘိုးဘပိုင်မြေ Bobabaing-land

Dama-u cha Land ဓါးမဦးချ မြေ

၂၈၂။ မိတ္ထီလာ ခရိုင်က တင်ပြသည့် (၁၈၉၂ ခုနှစ်၊ အမှတ် ၂၄) အမှုတွင် အောက်ဖော်ပြပါ အခြေခံမူ ၆ ချက်သည် မြန်မာတို့၏ အုပ်ချုပ်ပုံစနစ်အောက်တွင် ဓမ္မသတ်တွင် ပြဋ္ဌာန်းသတ်မှတ်သည့် အဆိုအမိန့်များကို ပြုပြင်ဖြည့်စွက်ပြီးလျှင် အတည် ဖြစ်သည်ဟု အစဉ်အလာအရ ခိုင်မာစွာ အသိအမှတ်ပြု လိုက်နာကျင့်သုံးခဲ့ကြသည်မှာ ထင်ရှားကြောင်း ဘဏ္ဍာတော် မင်းကြီးက ဆုံးဖြတ်သည် -

*ပထမအချက်*။ ခုတ်ထွင်ရှင်းလင်းခြင်းမပြုရသေးသည့်မြေကို ရှင်ဘုရင် ပိုင်သည် ဟူ၍ ပြဋ္ဌာန်းချက် မရှိ။ ထိုသို့ ခုတ်ထွင်ရှင်းလင်းမှုမပြုရသေးသည့်မြေရိုင်းမျိုးကို ယင်း၏အမိန့်ဖြင့် သဘောရှိရာ ရွေးချယ်၍ ခုတ်ထွင်ရှင်းလင်းခြင်း နှင့် ထွန်ယက် စိုက်ပျိုးခြင်း ပြုစေ၍ ရှင်ဘုရင် က ဖြစ်စေ၊ ယင်း ၏ ကိုယ်စားလှယ် က ဖြစ်စေ အရာတော်မြေအဖြစ် သိမ်းယူသည်။ သို့ရာတွင် အတည်တကျလုပ်ကိုင်မှုမရှိသေးသည့် တောရိုင်းမြေများကို ကျေးရွာလူ့အဖွဲ့အစည်းတွင် ကျင့်သုံးလိုက်နာလာ ခဲ့ကြသည့် ဓလေ့ထုံးစံများအရ ဖြစ်စေ၊ ဓမ္မသတ်များတွင် ပါရှိသည့် တရားနည်းလမ်းအတိုင်းဖြစ်စေ လွတ်လပ်စွာ ခုတ်ထွင် ရှင်းလင်း၍ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်ခွင့်ပြုသည်။

*ဒုတိယအချက်*။ အတည်တကျ လုပ်ကိုင်ခြင်းမရှိသေးသည့် တောရိုင်းမြေ တစ်စုံတစ်ရာ ကို အတည်တကျ ခုတ်ထွင် ရှင်းလင်း၍ ထွန်ယက် စိုက်ပျိုးခြင်း ပြုသူ မည်သူမဆို အဆိုပါမြေ ကို ရှင်ဘုရင် ကပင်လျှင် ဖြစ်စေ အခြားသူများ ပိုင်ဆိုင်ခွင့်မရှိ စေဘဲ၊ ယင်းမြေ ကို ထိုကဲ့သို့ ရှင်းလင်း စိုက်ပျိုးလုပ်ကိုင်သည်နှင့် တစ်ပြိုင်နက် "ဓါးမဦးချမြေ" ဟု ခေါ် သည့် လက်ဝယ်ထားရှိခွင့် ရှိသော မြေ အဖြစ်သို့ရောက်ရှိသည်။ မနုကျယ်ဓမ္မသတ်တွင် အဆိုပါ မြေကို ၁၀ နှစ်ဆက်တိုက် လက်ဝယ်ထားရှိ လုပ်ကိုင် ခဲ့ပါက ကမ္ဘာပေါ်တွင် အခြား မည်သူမျှ ပိုင်ဆိုင်ခွင့် မရှိစေ ဘဲ၊ ထိုသူ သာ အစဉ်ထာဝရ အခွင့်အရေး ရှိကြောင်း သတ်မှတ်ထား သည့် အသွင် ပေါ်ပေါက်ပါသည်။ သို့ရာတွင် ရှေးဦးပထမလက်ရှိဖြစ်သူသည် မြေကို ခုတ်ထွင်ရှင်းလင်း၍ ထွန်ယက်စိုက်ပျိုးမှုပြုလုပ်သည့်အချိန်မှစ၍၊ ထိုသူက မြေကို ဆက်လက်၍ လက်ဝယ်ထားရှိ လုပ်ကိုင်နေသမျှကာလပတ်လုံး၊ ထိုသူ ကို ယင်းမြေ မှ မည်သည့်အခါမျှ ဖယ်ရှားစေခြင်း မပြုနိုင် ဟု ရှင်ဘုရင် က အသိအမှတ် ပြုခဲ့သည့် ဓလေ့ထုံးတမ်းအစဉ်အလာ ရှိသည်။

# တိုင်းရင်းသားတို့ဒေသအတွက် အက်ဥပဒေ နှင့် စည်းမျဉ်းများ

The Scheduled Districts Act, 1874 ဇယားဝင်ဖြစ်သည့် ခရိုင်များ အက်ဥပဒေ

Upper Burma (except the Shan State.) အထက်မြန်မာပြည် (ရှမ်းပြည်နယ်မှအပ)
(Notification No. 789-E, dated the 4th May, 1886.)

The Upper Burma Laws Act, 1886
အထက်မြန်မာပြည်ဆိုင်ရာဥပဒေများ အက်ဥပဒေ

The Shan States Act, 1888
ရှမ်းပြည်နယ်များဆိုင်ရာအက်ဥပဒေ

Shan State ရှမ်းပြည်နယ်

၁။ မိုးမိတ်ဒေသ (Notification No. 11, dated the 1st October, 1889.)

၂။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း နှင့် မြေလတ် (Notification No. 10, dated the 11th July, 1895.)

၃။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊(Notification No. 12, dated the 21th May, 1896.)

The Kachin Hill-Tribes Regulation,1895
ကချင်တောင်တန်း မျိုးတူစုများ စည်းမျဉ်း

The Chin Hills Regulation,1896
ချင်းတောင်ဒေသ စည်းမျဉ်း

The Burma Frontier Tribes Regulation,1896
မြန်မာပြည် နယ်ခြားဒေသ မျိုးတူစုများ စည်းမျဉ်း

# Taungya တောင်ယာ လုပ်ပိုင်ခွင့်

နည်းဥပဒေများအခန်း(၁၀) တပ်မြို့ များနှင့် မြို့ပြဝန်ထမ်းအိမ်ယာမြေများ ပြင်ရှိ နိုင်ငံပိုင်မြေလွတ်မြေရိုင်းများကို ယာယီလက်ဝယ်ထားရှိ လုပ်ကိုင်ခွင့် နည်းဥပဒေများ၊ ၇၀ မှ ၇၄

၇၀။ တောင်ယာစိုက်ပျိုးခြင်းအလေ့အထရှိသည့် မည်သည့် လူပုဂ္ဂိုလ်၊ သို့မဟုတ် လူမျိုးစု၊ သို့မဟုတ် မိသားစုမဆို တောင်ယာစိုက်ပျိုးလုပ်ကိုင်ရန်အလို့ငှာ မြေကို ပေးအပ်ချထားရန် ကော်လိတ္တော်အရာရှိ ထံ သို့ အဆိုပြု တင်ပြနိုင်သည်။

*ရှင်းလင်းချက်*။ ။ တောင်ယာစိုက်ပျိုးလုပ်ကိုင်ခြင်း ဆိုသည်မှာ သစ်တော အတွင်းဖြစ်စေ၊ တောအုပ် အတွင်း ဖြစ်စေ သစ်ပင်များ ကို ခုတ်ထွင်ရှင်းလင်းပြီး ခေတ္တစိုက်ပျိုးကာ ရွှေ့ပြောင်းသည့် သဘာဝ ရှိသော စိုက်ပျိုးခြင်း မျိုးကို ဆိုသည်။

၇၁။ ကော်လိတ္တော်အရာရှိ သည် အထက်တွင် နောက်ဆုံးဖော်ပြသည့် နည်းဥပဒေပါ အဆိုပြု တင်ပြချက် ကို လက်ခံရရှိသည့်အခါ၊ အဆိုပြုတောင်းဆိုသည့်မြေကို နယ်မြေသတ်မှတ်စေ၍၊ သက်ဆိုင်ရာ သစ်တောအရာရှိ ထံ သို့ ထိုသို့ အဆိုပြု တောင်းခံကြောင်း အသိပေး အကြောင်းကြားစာကို ပေးပို့ရမည်။ ထို့ပြင် အဆိုပါ မြေ တွင် ချထားပေးရန် အဆိုပြု တင်ပြမှုအတွက် အကျိုးစီးပွား သက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ကြောင်း နှင့် ကြေငြာစာ ထုတ်ပြန်သည့် နေ့ရက် မှ ရက်ပေါင်း ခြောက်ဆယ် အတွင်း လာရောက် ကန့်ကွက်ရန် ဖြစ်ကြောင်း ကြေငြာစာ ကို ထုတ်ပြန်ရမည်။

၇၂။ သက်ဆိုင်ရာ သစ်တောအရာရှိက သဘောမတူကြောင်း ကန့်ကွက်လျှင်၊ ကော်လိတ္တော်အရာရှိ သည် ထိုကန့်ကွက်မှုကို မိမိ၏ သဘောထားထင်မြင်ချက်နှင့်အတူ တိုင်းမင်းကြီး ထံ တင်ပြရမည်။ တိုင်းမင်းကြီး သည် ထိုမြေနေရာကို ချထားပေးရန် သင့်တော်ခြင်း ရှိ၊ မရှိ၊ သို့မဟုတ် ယင်းကိစ္စတွင် မည်သို့ပြောင်းလဲပြင်ချထားပေးရန် အတွက် ဆုံးဖြတ်ချက် ချမှတ်ပေးမည်။

# ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ

လယ်ယာမြေလုပ်ပိုင်ခွင့်

ဓလေ့ထုံးတမ်းမြေလုပ်ပိုင်ခွင့်

**Indigenous and Tribal Peoples Convention, 1989 (I.L.O)**

နိုင်ငံတော်အဆင့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ကျင့်သုံးရာတွင် ဌာနေတိုင်းရင်းသားများ နှင့် ဓလေ့ထုံးစံ နှင့် ဓလေ့ထုံးတမ်းများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

**The United Nations Declaration on the Rights of Indigenous Peoples**

နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားများ၏ နယ်မြေများကို အသိအမှတ်ပြုရန် နှင့် အကာအကွယ်ပေးရန် လိုအပ်သည့် အပြင်၊ ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်း၊ ရိုးရာဓလေ့ နှင့် မြေယာပိုင်ဆိုင်မှုစနစ်တို့နှင့် ကိုက်ညီစွာ ဆောင်ရွက်ရမည်။

၁၇။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(ည) ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်စိုက်ပျိုးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဋ) လယ်ယာမြေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။